## အခန်း (၃)

## ဥပဒေဆိုင်ရာ သုတေသန

*Paul Chynoweth, Legal Research, in Ruddock, L & Knight, A (eds.), Advanced Resesarch Methods in the Build Environment, Wiley-Blackwell, Oxford, pp.28~38.*

## မိတ်ဆက်

ဥပဒေ သုတေသန ပညာရှင်များသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို အခြားသော နယ်ပယ်များမှာ လုပ်ဖော်ကိုင်ဖက်များအား ရှင်းပြနိုင်ရန် ခက်ခဲသည်။ အခြား နယ်ပယ်မှ လုပ်ဖော်ကိုင်ဘက်များက ပညာရပ်ဆိုင်ရာ နယ်ပယ်မှ ရှေ့နေများကို ရှုမြင်နေပုံမှာ ဘက်ချာ (Becher) (1981, p. 111) ပြောခဲ့သည့်အတိုင်းသာ ဆက်လက် ဖြစ်နေမည်ဆိုလျှင် ဥပဒေပညာရှင်များ အနေဖြင့် ထိုကိစ္စရပ်နှင့် ပတ်သက်ပြီး များစွာ ဆက်လက် ရှင်းလင်းရန် လိုအပ်နေဦးမည် ဖြစ်သည်။ ဘက်ချာက ၎င်းတို့ကို အခြားသူများက "အမှန်တကယ် ပညာရပ်မဆန်၊ လျှို့ဝှက်နက်နဲ၊ အခြားသူများနှင့် နီးနီးကပ်ကပ်မရှိ၊ ကွဲပြားခြားနားနေသည်၊ ပညာရပ်နယ်ပယ်တွင် အပိုသက်သက် ဖြစ်သည်။ အာကျယ်သည်၊ မယုံကြည်ရ၊ ကိုယ်ကျင့်တရား ဖြောင့်မတ်မှုမရှိ၊ အမြင်ကျဉ်းသည်၊ မာန်တက်နေသည်" ဟု ရှုမြင်ကြောင်း တွေ့ရှိခဲ့ရသည်။ ၎င်းတို့၏ သုတေသနများကိုလည်း အလားတူပင် "စိတ်လှုပ်ရှားစရာ မရှိ၊ ဖန်တီးမှု မရှိ၊ ဖော်ပြချက်များထဲမှ ပညာရပ်ဆိုင်ရာ အဖြေရှာစရာ အချို့သာ ပါဝင်သည်" စသည်ဖြင့် အထင်ရောက်ကြသည်။

ထို့ကြောင့် ယခုအခန်းတွင် ဥပဒေဆိုင်ရာ သုတေသန (သို့မဟုတ် ပိုအသုံးများသည့် ဥပဒေဆိုင်ရာ ပညာရပ် (legal scholarship)) ၏ သဘောတရား အမှန်ကို အခြားသော သက်ဆိုင်ရာ နယ်ပယ်များမှာ သုတေသန ပညာရှင်များကို ရှင်းပြရန် ရည်ရွယ်ပါသည်။ သက်ဆိုင်ရာ နယ်ပယ်များဆိုသည်မှာ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ ဥပဒေ၊ နည်းပညာနှင့် ဒီဇိုင်း ကဲ့သို့သော ဆက်စပ်မှု ရှိသည့် (သို့မဟုတ် အနည်းဆုံး ပတ်သက်ဆက်နွှယ်မှု ရှိသည့်) နယ်ပယ်များကို ဆိုလိုခြင်း ဖြစ်သည်။ ပါဝင်သည့် ပညာရပ် နယ်ပယ် တစ်ခုချင်းစီကို ပိုမို နားလည်လာကာ စုပေါင်း သုတေသန ပြုရသည့် ခေါင်းစဉ်များတွင် နယ်ပယ် တစ်ခုချင်းစီ၏ ပါဝင်မှု ပိုမို မြင့်မားလာခြင်းဖြင့် ပညာရပ် နယ်ပယ် တစ်ခုလုံးအတွက် အကျိုးရှိစေနိုင်သည်။ ယခုအခန်းက အဆိုပါ ဖြစ်စဉ်တွင် ဥပဒေ ပညာရပ် နယ်ပယ်ကို ပိုမိုနားလည်လာစေရန် ရည်ရွယ်သည်။ အထူးသဖြင့် နယ်ပယ်အတွင်းရှိ အခြားသုတေသန ပုံစံများနှင့် ကွဲပြားသော သီအိုရီ သဘောတရားပိုင်း ဆိုင်ရာ (epistemological)၊ နည်းစနစ်ပိုင်း ဆိုင်ရာနှင့်

ယဉ်ကျေးမှုပိုင်းဆိုင်ရာ အချက်များကို ကိုးကား၍ ဥပဒေ ပညာရပ်အတွင်းမှ သုတေသန၏ သဘောတရားကို ဖော်ပြရန် ကြိုးပမ်းထားခြင်း ဖြစ်ပါသည်။


## ဥပဒေ ပညာရပ်၏ သီအိုရီ သဘောတရားများ

### ဥပဒေဆိုင်ရာ သုတေသန ပုံစံများ

ဥပဒေ ပညာရပ်၏ သဘောတရားနှင့် ဥပဒေ ပညာရှင်များ လက်တွေ့တွင် လုပ်ဆောင်သည့် အရာများကို သိရှိနားလည်မှု နည်းကြပုံအကြောင်း သီအိုရီဆိုင်ရာ ရေးသားလေ့လာမှုများ မရှိလှပေ။ ဥပဒေပညာရပ်နှင့် ပတ်သက်ပြီး သီအိုရီ သဘောတရားများ ရေးသား လေ့လာကြသော်လည်း ယင်းတို့မှာ ဥပဒေ၏ သဘောတရားအကြောင်း ဒဿနိက ဆန်ဆန် တွေးခေါ်သည့် မေးခွန်းများကို လေ့လာခြင်း ဖြစ်ကြသည်။ ဥပဒေ ပညာရပ် သဘောတရား ဆိုင်ရာ ရေးသားမှုများကို ဘစ်(စ်) (Bix) (2003) က "ပညာရှင်များ အချင်းချင်း စကားပြောနေကြခြင်း" ဟု ဖော်ပြခဲ့သည်ကို ရှေ့နေ အများအပြား သိကြလိမ့်မည် ထင်သည်။ မာဖီနှင့် ရောဘတ်(စ်) (Murphy and Roberts) (1987, p. 682) တို့က အဆိုပါ ရေးသား ဆွေးနွေးမှုများသည် အခြားသော ကျယ်ပြန့်သည့် ပညာရပ် နယ်ပယ်အပေါ် အကျိုးပြုမှု မရှိခြင်းအား အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

> ဥပဒေ သီအိုရီများသည် ပညာရပ်နယ်ပယ်မှ ရှေ့နေများ မည်သည်တို့ကို လုပ်ဆောင်သည်၊ ဥပဒေ ပညာသည် မည်သို့မည်ပုံ ဖြစ်သည်ကို (အခြားသော ပညာရပ် နယ်ပယ်တွင် ပုံမှန် လုပ်ဆောင်နေကြသကဲ့သို့) ရှင်းပြခြင်း (သို့) ကျိုးကြောင်းပြခြင်းများ မရှိပေ။

သို့သော်လည်း လွန်စွာ ကွဲပြားခြားနားသည့် နောက်ခံ အခြေအနေ တစ်ရပ်တွင် အာသာ (Arthurs) (1983, pp. 63-71) က သူ၏ ကနေဒါနိုင်ငံမှ ဥပဒေ ပညာရေးနှင့် သုတေသန ဆိုင်ရာ အစီရင်ခံစာတွင် ဥပဒေ သုတေသန ပုံစံများနှင့် စပ်လျဉ်းပြီး အသုံးဝင်သည့် ခွဲခြား သတ်မှတ်ချက်တစ်ခုကို အဆိုပြုခဲ့သည်။ ထိုသတ်မှတ်ချက်က ယခုအခန်း၏ သုံးသပ်ချက်များအတွက် အရေးပါခဲ့ပြီး ယင်းကို ပုံ ၃.၁ တွင် ဇယားဆွဲ တင်ပြထားပါသည်။ ဇယား၏ ဒေါင်လိုက်မျဉ်းမှာ တွေ့နေကြဖြစ်သည့် ပညာရပ် သပ်သပ် လုပ်ဆောင်ကြသည့် သုတေသန ပုံစံ သီးသန့်နှင့် လက်တွေ့လုပ်ဆောင်သူများ၊ မူဝါဒ ချမှတ်သူများအတွက် လိုအပ်ချက်များကို ဖော်ထုတ်ပေးသည့် လက်တွေ့ အသုံးချ သုတေသနများကို ကိုယ်စားပြုသည်။ သို့ရာတွင် ယခုအကြောင်းအရာနှင့် ပတ်သက်၍ ပိုစိတ်ဝင်စားဖွယ် ကောင်းသည့် ခွဲခြားမှုမှာ ရေပြင်ညီမျဉ်းတွင် ဖော်ပြထားသည့် ဥပဒေ သဘောတရား ဆိုင်ရာ သုတေသနနှင့် တစ်ခုထက် ပိုသော ပညာရပ် နယ်ပယ်များမှ သုတေသနအကြား ခွဲခြားချက် ဖြစ်သည်။




ပုံ ၃.၁၊ ဥပဒေ သုတေသန ပုံစံများ (အာသာ၊ ၁၉၈၃)

**ဥပဒေ သဘောတရားရေးရာ သုတေသန**

သဘောတရားရေးရာ သုတေသန (ပုံ ၃.၁ ၏ ညာဘက်) သည် ဥပဒေ စည်းမျဉ်းများကို အကဲဖြတ် ဆန်းစစ်ခြင်းဖြင့် ဥပဒေ သဘောတရားများ ဖော်ထုတ်ခြင်းနှင့် သက်ဆိုင်သည်။ ရိုးရာဥပဒေ (common law) တရားစီရင်ရေး နယ်နမိတ်များတွင် ဥပဒေဆိုင်ရာ စည်းမျဉ်းများကို စတက်ကျူ (statute) ဥပဒေများနှင့် အမှုများ (ဥပဒေ၏ အရင်းအမြစ်များ) တွင် တွေ့ရသည်။ သို့ရာတွင် ထိုစတက်ကျူ ဥပဒေများနှင့် အမှုများသည် အခြေအနေတိုင်းတွင် ၎င်းတို့ဘာသာ ၎င်းတို့ ဥပဒေ ပြဋ္ဌာန်းချက် အပြည့်အစုံ တစ်ခုကဲ့သို့ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ သက်ဆိုင်ရာ ဥပဒေ စည်းမျဉ်းများကို စဉ်းစားဆုံးဖြတ်သည့် အခြေအနေ၏ အချက်အလက်များနှင့် ချိန်ထိုးစဉ်းစားပြီးမှသာ ဆုံးဖြတ်နိုင်မည် ဖြစ်သည်။

နည်းပညာဆိုင်ရာ အပိုင်းတွင် ဆက်လက် ဆွေးနွေးမည့်အတိုင်း ဥပဒေ သဘောတရားများ ရှိပါကအခြေအနေတစ်ရပ်တွင် မည်သည့် ဥပဒေအား အသုံးပြုရမည်ကို ပိုမို လွယ်ကူစွာ ဆုံးဖြတ်နိုင်သည် (ဥပမာ စာချုပ်ဆိုင်ရာ ဥပဒေတွင် ထည့်သွင်းစဉ်းစားခြင်း ဆိုင်ရာ သဘောတရား)။ ၎င်းတို့မှာ အခြေအနေ တစ်ရပ်တွင် ဥပဒေကို စနစ်တကျ သတ်မှတ်ထားခြင်း ဖြစ်သည်။ ၎င်းတို့က စည်းမျဉ်းများတွင် သဲသဲကွဲကွဲ မရှိသည့် အရာများကို ရှင်းလင်းပေးနိုင်ပြီး ဥပဒေများကို ကျိုးကြောင်းဆီလျော်ပြီး ရှေ့နောက်ညီသော ပုံစံဖြင့် စုစည်းပေးကာ အခြားသော စည်းမျဉ်းများနှင့် ၎င်းတို့၏ ဆက်စပ်မှုကိုလည်း ဖော်ပြပေးနိုင်သည်။ သဘောတရားရေးရာ သုတေသနဆိုင်ရာ နည်းလမ်းများတွင် ဥပဒေစာသားများ လေ့လာခြင်း ပါဝင်ပြီး ထို့ကြောင့်ပင် ယင်းဖြစ်စဉ်ကို စာလုံးမည်း ဥပဒေ (black-letter law) ဟု မကြာခဏ ဖော်ပြလေ့ ရှိသည်။

**သဘောတရားရေးရာ သုတေသန၏ စံနှုန်း လက္ခဏာများ**

ထို့ကြောင့် သဘောတရားရေးရာ သုတေသနသည် ဥပဒေသဘောတရားများကို ပြဋ္ဌာန်းစာအုပ်များ (သို့) ဂျာနယ် ဆောင်းပါးများတွင် ထုတ်ဝေဖော်ပြခြင်းနှင့် သက်ဆိုင်ပြီး ၎င်း၏ သုတေသန ဆိုင်ရာ မေးခွန်းများမှာ “ဥပဒေ ဆိုသည်မှာ အဘယ်နည်း” ဟု မေးမြန်းသည့် ပုံစံ ဖြစ်သည်။ သီအိုရီ သဘောတရားပိုင်းဆိုင်ရာ အဆင့်တွင် ထိုမေးခွန်းက သုတေသန နယ်ပယ်အတွင်း အခြားသော ပညာရပ်နယ်ပယ်များမှ လက်တွေ့အသုံးချရန် စုံစမ်းစစ်ဆေးသူ အများစု မေးလေ့ရှိသည့် မေးခွန်းများနှင့် ကွဲပြား ခြားနားသည်။

ယင်းကွာခြားချက်မှာ ကိန်းရှင်များအကြား ကြောင်းကျိုး ဆက်စပ်မှုကို လေ့လာကာ သဘာဝ ဖြစ်ရပ်များကို ရှင်းပြရန် ကြိုးပမ်းသည့် သိပ္ပံပညာဆိုင်ရာ သုတေသနများနှင့် နှိုင်းယှဉ်လျှင် အသိသာဆုံး ဖြစ်မည် ဖြစ်သည်။ ယင်းမှာ သဘောတရားရေးရာ သုတေသနများ လုပ်ဆောင်ရသည့် အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် အရည်အသွေး အခြေပြု ဆန်းစစ်လေ့လာခြင်း (qualitative analysis) များနှင့် သီအိုရီ သဘောတရားပိုင်းအရ များစွာ ကွာခြားသည်။ ဖြစ်စဉ်ကို အဓိပ္ပာယ် ဖွင့်ဆိုရသည့် သဘောတရားမှာ လူမှုရေးသိပ္ပံတွင် လူသားတို့၏ အမူအကျင့်များကို ကိုယ်ချင်းစာနာခြင်းဖြင့် နားလည်အောင် လုပ်ဆောင်သည့် အလေ့အကျင့်နှင့် အပေါ်ယံအားဖြင့် ဆင်တူမှု ရှိသော်လည်း (Schwandt, 2000) သဘောတရားရေးရာ ဆန်းစစ်လေ့လာခြင်းသည် အခြားသော သိပ္ပံဆိုင်ရာ သုတေသန ပုံစံ အားလုံးနှင့် သီအိုရီ သဘောတရားပိုင်းအရ အခြေခံကျကျ ကွဲပြားခြားနားမှု ရှိသည်။

သဘာဝ သိပ္ပံတွင်ရော၊ လူမှုရေး သိပ္ပံတွင်ပါ သိပ္ပံနည်းကျ သုတေသနများသည် လက်တွေ့ အချက်အလက်များကို သီအိုရီများ၏ အခြေခံ ဖြစ်စေ၊ စမ်းသပ်ရန်အတွက် ဖြစ်စေ စုဆောင်းကြရသည်။ ထို့ကြောင့် ထိုသုတေသန နှစ်မျိုးလုံးတွင် သုတေသန ရလဒ်များ၏

ခိုင်မာမှုကို လက်တွေ့ လေ့လာခြင်း ဖြစ်စဉ်နှင့် ဆုံးဖြတ်သည်။ သို့ရာတွင် လက်တွေ့ကမ္ဘာက သဘောတရားရေးရာ သုတေသန တွေ့ရှိချက်များ၏ ခိုင်မာမှုအပေါ် သက်ရောက်မှု မရှိပေ။

ဥပဒေစည်းမျဉ်းများက လူတစ်ယောက်သည် မည်ကဲ့သို့ ပြုမူသင့်သည်ကို သတ်မှတ်ပေးရာ ယင်းတို့သည် စံနှုန်းကို အခြေခံသည့် လက္ခဏာ ရှိသည် (Kelsen, 1967)။ ယင်းတို့မှာ လူတို့၏ အပြုအမူများကို ရှင်းပြရန်၊ ခန့်မှန်းရန် (သို့မဟုတ်) နားလည်ရန်ပင် ကြိုးပမ်းခြင်း မရှိပေ။ ၎င်းတို့၏ တစ်ခုတည်းသော တာဝန်မှာ ပြဋ္ဌာန်းချမှတ်ရန်သာ ဖြစ်သည်။ အတိုချုံး ဆိုရသော် သဘောတရားရေးရာ သုတေသနဆိုသည်မှာ ဥပဒေအကြောင်း သုတေသနပြုခြင်း မဖြစ်ပေ။ “ဥပဒေဆိုသည်မှာ အဘယ်နည်း” ဟု မေးမြန်းရာတွင် လေ့လာသည့် အကြောင်းအရာအပေါ် အတွင်းမှ ခွဲခြမ်းလေ့လာခြင်း၊ ပါဝင်သူအပေါ် အခြေခံသည့် သီအိုရီ သဘောတရား ချဉ်းကပ်ပုံ အသုံးပြုခြင်း ဖြစ်သည် (Hart, 1961)။ ထို့ကြောင်း ယင်းသုတေသနကို ဥပဒေကို သုတေသနပြုခြင်း (research in law) ဟု တစ်ခါတရံ ဖော်ပြကြသည် (Aurthurs, 1983)။

အောက်တွင် ဆက်လက်ဖော်ပြမည့်အတိုင်း သဘောတရားများကို ထုတ်ဖော်သည့် ဆန်းစစ် လေ့လာခြင်း ဖြစ်စဉ်သည် သဘာဝနှင့် လူမှုရေး သိပ္ပံတို့၏ အချက်အလက် အခြေပြု လေ့လာဆန်းစစ်ခြင်းနှင့် မသက်ဆိုင်ဘဲ ပုဂ္ဂလိကဆန်ပြီး လူသားရေးရာ ပညာရပ်၏ ငြင်းခုန်မှု အခြေပြု နည်းလမ်းများနှင့် ပို၍ ဆက်စပ်သည်။ ဥပဒေ၏ စံနှုန်း လက္ခဏာ ဖြစ်သည့်အလျောက် သဘောတရားရေးရာ သုတေသန၏ ခိုင်မာမှုသည် ပြင်ပလက်တွေ့အခြေအနေ၏ လက်ခံမှုထက် ပညာရှင် အသိုင်းအဝိုင်းအတွင်း သဘောတူညီမှု ရရှိရေးအပေါ် ပို၍ မူတည်သည်။

## နယ်ပယ် တစ်ခုထက် ပိုသော သုတေသန

လက်တွေ့တွင် သဘောတရားရေးရာ သုတေသနသည်ပင် အနိမ့်ဆုံး အခြားသော ပြင်ပ အချက်အလက်များကို ကိုးကားမှု ပြုပုရမည် ဖြစ်ပြီး တည်ဆဲ စည်းမျဉ်းများနှင့် ရှေ့နောက်ညီသော အဖြေများကို ရှာဖွေရမည် ဖြစ်သည်။ ဥပမာ မသေချာ မရေရာသော (သို့) အဓိပ္ပာယ် ဝေဝါးသော ဥပဒေ ဆုံးဖြတ်ချက် တစ်ခုကို သင့်လျော်သော သမိုင်း (သို့) လူမှုရေးဆိုင်ရာ နောက်ခံ အခြေအနေဖြင့် နှိုင်းယှဉ်ကြည့်လျှင် (သို့မဟုတ်) အဓိပ္ပာယ် ပြန်ဆိုသူက သက်ဆိုင်ရာ နယ်ပယ် (သို့) နည်းပညာအကြောင်း လုံလောက်သော နားလည်မှု ရှိပါက ပို၍ လွယ်လွယ်ကူကူ အဓိပ္ပာယ် ပြန်ဆိုနိုင်မည် ဖြစ်သည်။ သုတေသန ပညာရှင်များက ပြင်ပအကြောင်းအရာများကို ထည့်သွင်းစဉ်းစားလေလေ လေ့လာမှုက ပုံ ၃.၁ တွင် နယ်ပယ်တစ်ခုထက် ပိုသော သုတေသနဘက်သို့ ရေပြင်ညီမျဉ်းအတိုင်း ဘယ်ဘက်သို့ ရွေ့လျားလေလေ ဖြစ်သည်။

ဇယား၏ ဘယ်ဘက်ခြမ်းတွင် ရွှေ့လျားရာတွင် အမှတ်တစ်ခု၌ သုတေသန၏ သီအိုရီ သဘောတရားသည် ဥပဒေ၏ အဓိပ္ပာယ်ကို အတွင်းပိုင်းမှ လေ့လာဆန်းစစ်ခြင်းမှ ဥပဒေကို လူမှုအစိတ်အပိုင်း တစ်ခုအဖြစ် ပြင်ပမှ ဆန်းစစ်ခြင်းသို့ ပြောင်းလဲသွားသည်။ ဥပမာ လူမှု ရည်မှန်းချက်တစ်ခု အထမြောက်စေရန် ဥပဒေ ပြဋ္ဌာန်းချက် တစ်ခု၏ ထိရောက်မှုကို အကဲဖြတ်ခြင်း (သို့) ယင်းကို စုစည်းထားသည့် အချက်များအား ဆန်းစစ်ခြင်း စသည်တို့ ဖြစ်သည်။

ဥပဒေကို ပြင်ပမှ လေ့လာခြင်း ဥပမာများကို ဥပဒေကို လေ့လာခြင်းထက် ဥပဒေအကြောင်း လေ့လာခြင်းဟု ဖော်ပြနိုင်သည်။ ဝင်ရိုးအတိုင်း ဘယ်ဘက်သို့ ရွှေ့လျားလေလေ လူမှုရေး သိပ္ပံ၏ သီအိုရီ သဘောတရားများနှင့် နည်းလမ်းများကို လက်ခံနိုင်ချေ များလာလေလေ ဖြစ်သည်။

## သီးသန့်နှင့် အသုံးချ ဥပဒေ ဆိုင်ရာ သုတေသန

နောက်ဆုံးအနေဖြင့် ပုံ ၃.၁ ၏ ဒေါင်လိုက်ဝင်ရိုးတွင် ဖော်ပြထားသည့် သီးသန့်နှင့် အသုံးချ ဥပဒေဆိုင်ရာ သုတေသနများ ကွာခြားမှုကို ဆွေးနွေးပါမည်။ နယ်ပယ်စုံ ဥပဒေ ဆိုင်ရာ သုတေသန (ပုံ ၃.၁ ၏ ဘယ်ဘက်) အခြေအနေတွင် ဥပဒေ အလုပ်လုပ်ပုံကို ပညာရပ်ဆိုင်ရာ ဗဟုသုတ သီးသန့် ရှာဖွေခြင်း (ပုံ၏ အောက်ဘက်)နှင့် ထိုအကြောင်းအရာအပေါ် ရည်ရွယ်ချက် တစ်ခုခုဖြင့် ဗဟုသုတ ဖြန့်ဝေခြင်း (အပေါ်ဘက်) ဟူ၍ ခွဲခြားနိုင်သည်။ ဒုတိယ ပုံစံ၏ ရည်ရွယ်ချက်မှာ ဥပဒေကို ဖြစ်စေ၊ အုပ်ချုပ်သည့် ပုံစံကို ဖြစ်စေ အနာဂတ်တွင် အပြောင်းအလဲ တစ်ခုခု ဖော်ဆောင်ရန် ဖြစ်သည်။ ထို့ကြောင့် အာသာစ် (Arthurs) (1983) က အဆိုပါ သုတေသန ပုံစံကို “ဥပဒေ ပြုပြင်ရန် သုတေသန” ဟု ခေါ်ဆိုခဲ့သည်။ ဗြိတိန်နိုင်ငံတွင်မူ “နောက်ခံ အခြေအနေတစ်ခုရှိ ဥပဒေ” (law in context)၊ “လူမှု ဥပဒေ သုတေသန” ဟူ၍ ပိုမိုခေါ်ဆိုကြသည်။ သူက အဆိုပါ သုတေသနများကို “အခြေခံ သုတေသန” ဟု သူညွှန်းဆိုသည့် ပညာရပ်သီးသန့် ဗဟုသုတ ရှာဖွေသည့် သုတေသန ပုံစံများမှ ခွဲခြားထားသည်။

လက်တွေ့တွင် သီးသန့်၊ အခြေခံ သုတေသနနှင့် သုတေသနပညာရှင်များ၏ ဥပဒေ အလုပ်လုပ်ပုံသာမက ၎င်း၏ အခြေခံ ဒဿနများ၊ စံနှုန်းများ၊ စီးပွားရေးနှင့် နိုင်ငံရေး ဆိုင်ရာ ယူဆချက်များကိုပါ စူးစမ်းလေ့လာလိုသည့်စိတ် (နှိုးဆွမှု)တို့အကြား ကြီးမားသည့် ဆက်စပ်မှု ရှိသည်။ အဆိုပါ သုတေသနမျိုးသည် ပုံစံအမျိုးမျိုးရှိပြီး ဥပဒေ၏ လူမှုဗေဒ၊ (ဘယ်ဘက်ခြမ်းမှ) အရေးပါသော ဥပဒေဆိုင်ရာ လေ့လာချက်များနှင့် (ညာဘက်ခြမ်းမှ) ဥပဒေနှင့် စီးပွားရေး အပြောင်းအလဲများ စသည်တို့ ပါဝင်သည်။

သဘောတရားပိုင်းဆိုင်ရာ သုတေသန၏ အသုံးချပုံစံ (ပုံ ၃.၁ ၏ ညာဘက်ခြမ်း) သည် ဥပဒေ သဘောတရားတစ်ခုကို စနစ်တကျ တင်ပြခြင်း၊ ရှင်းလင်းပြခြင်းနှင့် သက်ဆိုင်ပြီး ဥပဒေဆိုင်ရာ

သုတေသနတွင် ရှင်းလင်းပြရန် သုတေသနပြုခြင်းဟု ညွှန်းဆိုကြသည်။ ထိုသို့သော လေ့လာမှုများသည် ဥပဒေ ဆိုင်ရာ သုတေသန ပညာရပ် နယ်ပယ်တွင် အတွေ့ရ အများဆုံးပုံစံ ဖြစ်ပြီး (Card, 2002) သမာရိုးကျ ဥပဒေ ပဋိညာဉ်များ၊ ပြဋ္ဌာန်းချက်များ၊ ပြဋ္ဌာန်းစာအုပ်များ ထုတ်ဝေရာမှတစ်ဆင့် ဥပဒေ သဘောတရားများ ဖော်ထုတ်ရာတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသည်။

သဘောတရားဆိုင်ရာ သုတေသနကို ပညာရပ်သီးသန့်အတွက် လုပ်ဆောင်သည့်အခါ ယင်းကို ဥပဒေဆိုင်ရာ သီအိုရီ၊ ဥပဒေ ဘာသာရပ် (သို့မဟုတ်) (တစ်ခါတရံ) ဥပဒေ ဒဿနိကဗေဒဟု ခေါ်ဆိုကြသည်။ ဥပဒေ၏ သဘောတရားကို ပညာရပ် နယ်ပယ် တစ်ခုအနေဖြင့် အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ထိုသို့သော သုတေသနပုံစံ၏ အကန့်အသတ်ကို ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ သို့သော်ငြားလည်း ဥပဒေ သုံးသပ်ရာတွင် လက်တွေ့ အခြေခံအဖြစ် အသုံးပြုခဲ့သော်လည်း ယင်းသုတေသန ပုံစံက ရှေ့နေများနှင့် ဥပဒေ ပညာရှင်များ အသုံးပြုသည့် ဥပဒေဆိုင်ရာ နည်းလမ်းများ၏ သဘောတရားကို လေ့လာနိုင်သည်။ ယင်းအချက်ကို နောက်အပိုင်းတွင် ဆက်လက် ဆွေးနွေးသွားပါမည်။

## နည်းနာရှာဖွေခြင်း

### သဘောတရား ယဉ်ကျေးမှု၏ သိသာထင်ရှားမှု

သဘောတရားများကို ရှင်းလင်းပြသည့် ယဉ်ကျေးမှုမှာ ဥပဒေ ပညာရပ်တွင် အတွေ့ရများသည့် ပုံစံဖြစ်ကြောင်း ပြောပြခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ယင်းမှာ သီးသန့်ဖြစ်နေသော လေ့လာမှုတစ်ခု မဟုတ်ကြောင်း နားလည်ရန် လိုအပ်သည်။ သဘောတရားရေးရာ ဆန်းစစ်လေ့လာခြင်း၏ အစိတ်အပိုင်းအချို့ကို ဥပဒေဆိုင်ရာ သုတေသန အားလုံးတွင် မဟုတ်သည့်တိုင် ဆန်းသစ်သည့် သုတေသန ပုံစံများတွင် တွေ့ရသည်။

ဥပမာ ဥပဒေ ပြုပြင်ရေး ဆိုင်ရာ သုတေသနများသည် ပုံ ၃.၁ တွင် သီးသန့် အမျိုးအစားတစ်ခု အဖြစ် တွေ့ရသော်လည်း ယင်းသုတေသန ပညာရှင်များသည် ၎င်းတို့၏ လူမှု သုတေသန လုပ်ငန်းများတွင် သမာရိုးကျ ဥပဒေ ဆန်းစစ်လေ့လာခြင်း အရေးပါပုံကို အဓိကထားလေ့ ရှိသည် (Cownie, 2004, p. 55)။ လက်တွေ့တွင်လည်း လူမှု ဥပဒေဆိုင်ရာ လေ့လာမှုများ၌ လူမှုရေးသိပ္ပံ ပညာရှင်များသည် ပညာရပ်ကို အငှားသုံးစွဲကြသူများဖြစ်ပြီး အခြေအနေတစ်ရပ်ကို အမြဲတမ်းပိုင်နိုင်နေသူများ မဟုတ်ဘဲ လေ့လာရန် အသင့် ရှိနေသူများ အဖြစ် ယူဆကြရမည် (Campbell and Wiles, 1976)။ ထို့ကြောင့် သဘောတရားရေးရာ ဆန်းစစ်လေ့လာမှုများသည် ဥပဒေပညာရပ် ဆိုင်ရာ သုတေသနများ၏ အဓိက လက္ခဏာတစ်ရပ် ဖြစ်ပြီး

ဆန်းစစ်လေ့လာသူများသည် သဘောတရားရေးရာ ဆန်းစစ်မှုနှင့် သက်ဆိုင်သည့် နည်းလမ်းများ၏ သဘောတရားများကို ဖော်ပြရန် ကြိုးပမ်းနေကြခြင်း ဖြစ်သည်။

လုပ်ဆောင်ရမည့် အတိုင်းအတာမှာ စာဖတ်သူများ မျှော်မှန်းထားသည်ထက် ပို၍ ခက်ခဲသည်။ အစောပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း သဘောတရားရေးရာ လေ့လာသုံးသပ်ချက်သည် သိပ္ပံပညာထက် လူသားရေးရာ ဘာသာရပ်နှင့် ပိုမိုနည်းစပ်သည်။ ၎င်း၏ ချဉ်းကပ်ပုံများသည် သေချာပေါက် အပြီးသတ် ဖြစ်သော ရလဒ်များ ထုတ်ဖော်ရန် ကြိုးပမ်းခြင်းထက် နောက်ဆက်တွဲ ဝေဖန်ချက်များအတွက် ပညာရပ်ဆိုင်ရာ ငြင်းခုန်မှုများ ဖော်ထုတ်ခြင်းနှင့် အခြားပညာရှင်များ၏ လုပ်ငန်းများကို ပြန်လည် လေ့လာပြင်ဆင်ခြင်းတို့ ပါဝင်သည်။ ထိုသုတေသနပုံစံမျိုးအတွက် နည်းနာများကို ပညာရှင်များ (နှင့် ရှေ့နေအဖြစ် အသက်မွေးဝမ်းကြောင်း ပြုသူများ) က သိပ္ပံဘာသာရပ်မှ သုတေသနပညာရှင်များ နည်းနာများကို အသုံးပြုသည်နှင့် ကွာခြားစွာပင် လောဂျစ်နှင့် အသိတရား (common sense) တို့ကို မသိလိုက် မသိဘာသာပင် အသုံးပြုကြသည်။

## သဘောတရားရေးရာ သုတေသန နည်းနာနှင့် သီအိုရီ အခြေပြု ဆင်ခြင်သုံးသပ်နည်း

ဦးစွာ အသိအမှတ်ပြုရမည့် အချက်မှာ ပညာရပ်ဆိုင်ရာ သဘောတရားရေးရာ လေ့လာသုံးသပ်ချက် ဖြစ်စဉ်နှင့် ရှေ့နေများ (သို့) တရားသူကြီးများ လုပ်ဆောင်သော ဥပဒေ လေ့လာသုံးသပ်မှုများအကြား အခြေခံကျသော ခြားနားမှုများ မရှိဟူသည့် အချက်ပင် ဖြစ်သည်။ အစောပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ကိစ္စရပ်တစ်ခုချင်းစီတွင် ရည်ရွယ်ချက်မှာ အခြေအနေတစ်ရပ်၌ “ဥပဒေ ဆိုသည်မှာ အဘယ်နည်း” ဟူသည့် မေးခွန်းကို ဖြေဆိုရန် ဖြစ်သည်။ ရှေ့နေများ (သို့) တရားသူကြီးများအတွက်မူ ဤသည်မှာ ချက်ချင်း အဖြေပေးရမည့် လက်တွေ့ကြုံတွေ့နေရသော အခြေအနေ တစ်ရပ် ဖြစ်သည်။ ဥပဒေပညာရပ် လေ့လာသူများအတွက်မူ ထိုအခြေအနေ (သို့) ထိုအခြေအနေ ပုံစံမျိုးမှာ စိတ်ကူးစဉ်းစားထားခြင်း ဖြစ်ပြီး ရည်ရွယ်ချက်မှာ အနာဂတ် အမှုများတွင် လက်တွေ့ ရှေ့နေနှင့် တရားသူကြီးအဖြစ် လုပ်ဆောင်ကြသူများ ကြားနာမှုများကို အထောက်အကူ ပြုစေရန် ပို၍ အသေးစိတ်ကျသော သုံးသပ်လေ့လာမှု ပြုလုပ်ခြင်း ဖြစ်သည်။

ပုံစံနှစ်မျိုးလုံးတွင် ရှေးဦးစွာ ဥပဒေ စည်းမျဉ်းများကို လက်တွေ့အခြေအနေ တစ်ရပ်တွင် အသုံးချရသည့် ဖြစ်စဉ်ကို သီအိုရီ အခြေပြု ဆင်ခြင်သုံးသပ်နည်းဟု နားလည်ထားကြသည်။ စာဖတ်သူအများစုအတွက် သိပ္ပံနည်းနာများတွင်လည်း အခြေခံဖြစ်သော အဆိုပါ ဆင်ခြင်သုံးသပ်နည်းကို ရှင်းပြရန် လိုလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ဥပဒေနှင့် ပတ်သက်လျှင် သိထားပြီးသော သီအိုရီအခြေပြု ဆင်ခြင်သုံးသပ်နည်းတွင် အဓိက အခြေအနေ၊ အဓိကမကျသော အခြေအနေနှင့် ကောက်ချက်တို့ ပါဝင်ပြီး အောက်ပါ ပုံစံ ရှိသည်။

- အဓိက အခြေအနေ - အခြေအနေတစ်ရပ်တွင် အဆိုပါ အချက်များ ရှိနေသည့်အခါ သတ်မှတ်ထားသော ဥပဒေ ရလဒ် ထွက်ပေါ်လာမည့် ယေဘုယျ ဥပဒေ စည်းမျဉ်း
- လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေ - ဖြစ်ပေါ်ခဲ့သော အခြေအနေ တစ်ရပ်ကို ဖော်ပြသည်
- ကောက်ချက် - အဓိက အခြေအနေမှ စည်းမျဉ်းသည် လက်ရှိဖြစ်ပေါ်နေသော အခြေအနေမှ အချက်အလက်များအပေါ်တွင် အသုံးပြုနိုင်ပါသလား၊ ထို့ကြောင့် ဖော်ပြထားသော ဥပဒေရလဒ် ထွက်ပေါ်လာနိုင်ပါသလားကို တင်ပြသည်။

ဥပမာ အင်္ဂလိပ် ဥပဒေတွင် ၁၉၉၆ ခုနှစ် အိမ်ယာ ခွင့်ပြုချက်၊ ဆောက်လုပ်ရေးနှင့် ပြန်လည် အသက်သွင်းရေး အက်ဥပဒေ၌ အခြေခံ ဥပဒေ (အဓိက အခြေအနေ) မှာ ဆောက်လုပ်ရေး စာချုပ်တွင် ပါဝင် ချုပ်ဆိုထားသူများသည် စာချုပ်ပါ အငြင်းပွားမှုကို စီရင်ဆုံးဖြတ်ရန် တောင်းဆိုနိုင်သည်ဟု ပါဝင်သည်။ ထို့ကြောင့် အလုပ်ရှင်နှင့် စာချုပ်လက်ခံသူအကြား ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုနှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်ခု ပေါ်ထွက်လာပါက (လက်ရှိဖြစ်ပေါ်နေသော အခြေအနေ) သီအိုရီအခြေခံ ဆင်ခြင်သုံးသပ်ပုံအရ ပါဝင်သော အလုပ်ရှင်ဖြစ်စေ၊ အလုပ်လက်ခံသူဖြစ်စေက ထိုအငြင်းပွားမှုကို စီရင်ဆုံးဖြတ်ခံနိုင်မည် ဖြစ်သည် (ကောက်ချက်)။

**စည်းမျဉ်းများ၏ အပွင့်ပုံစံ**

ဤသည်မှာ ဥပဒေရေးရာ ဆင်ခြင်သုံးသပ်မှု ဖြစ်စဉ်တွင် အကောင်းဆုံးဖြစ်နိုင်သည့် အနေအထားဖြစ်သည်။ ဖြစ်စဉ်သည် ဤမျှသာ ရိုးရှင်းပြီး စနစ်တကျ ဖြစ်နေပါက လူ့အဖွဲ့အစည်းတွင် ရှေ့နေများ၊ ဥပဒေဘာသာရပ်များလည်း လိုအပ်တော့မည် မဟုတ်ပေ။ လက်တွေ့တွင် အမှုအားလုံးနီးပါး၌ သီအိုရီကို အခြေခံ ဆင်ခြင်သုံးသပ်သည့် ပုံစံသည် ထပ်မံ လေ့လာသုံးသပ်ခြင်းများ မရှိဘဲ အခြေအနေတစ်ရပ်တွင် ဥပဒေက မည်သည့် အဖြေ ထုတ်ပေးနိုင်သနည်း ဟူသည်ကို ဖြေရှင်းနိုင်သည်အထိ အလုပ်မလုပ်ပေ။

ဥပဒေစည်းမျဉ်းများကို ယေဘုယျ ပုံစံများဖြင့်သာ ဖော်ပြထားရပြီး ဟာ့တ် (Hart, 1961) က ဖော်ပြခဲ့သည့်အတိုင်း 'အပွင့်ပုံစံ' (open texture) ရှိသည်။ ထို့ကြောင့် အဓိပ္ပာယ် ပြန်ဆိုမှု တစ်ခုထက်ပို၍ လုပ်နိုင်သည်။ အထက်တွင် ဖော်ပြခဲ့သော ဥပမာတွင် ဆောက်လုပ်ရေးနှင့် ပတ်သက်ပြီး စီရင်ဆုံးဖြတ်ခံရန် 'အငြင်းပွားမှု' ကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းတွင် တရားစီရင်ခြင်းနှင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးခြင်းများ အများအပြား ရှိသည်။ ထို့ကြောင့် အခြေအနေတစ်ရပ်အပေါ် စည်းမျဉ်းတစ်ခု အသုံးချ၍ ဖြစ်၊ မဖြစ် မကြာခဏ သံသယ ဝင်ဖွယ်ရာ ရှိသည်။ အဆိုပါ လက္ခဏာရပ်ကို တရားပြိုင်များနှင့် ၎င်းတို့၏ ရှေ့နေများက ၎င်းတို့ လိုလားသည့် အကျိုးရရှိရေးအတွက် အသုံးချကြသည်။

ဟာ့တ် (1961) က အဆိုပါ မရှင်းလင်းသော အမှုများ (hard cases) များတွင် တရားသူကြီးများတွင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ဆိုခဲ့သော်လည်း ၎င်းတို့၏ ဆုံးဖြတ်ချက်များသည် အမှန်တကယ်တွင် အထက်တွင် ဖော်ပြခဲ့သော သီအိုရီအခြေပြု ဆင်ခြင်သုံးသပ်သည့် ပုံစံကို အထောက်အကူပြုရန် အသုံးပြုသော ဥပဒေ အသိုင်းအဝိုင်းအတွင်း အသိအမှတ်ပြုထားသော ဆင်ခြင်သုံးသပ်ရေး ပုံစံများကိုသာ အခြေခံထားခြင်းဖြစ်သည်။ ထို့ကြောင့် ရှေ့နေများနှင့် ဥပဒေပညာရှင်များသည် တရားသူကြီးများ အသုံးပြုမည့် ဆင်ခြင်သုံးသပ်သည့် ပုံစံကို မသိလိုက် မသိဘာသာပင် အသုံးပြုကာ လာမည့် အမှုဖြစ်စဉ်များ၏ ရလဒ်များကို မကြာခဏ ခန့်မှန်းနိုင်ကြသည်။

**နှိုင်းယှဉ်ခြင်း၏ အခန်းကဏ္ဍ**

အသုံးအများဆုံးနည်းတစ်ခုမှာ နှိုင်းယှဉ် ဆင်ခြင်သုံးသပ်ခြင်း ဖြစ်စဉ် ဖြစ်သည်။ ယေဘုယျ စည်းမျဉ်းတစ်ခုမှ ကိစ္စရပ်တစ်ခုကို ဆင်ခြင်သုံးသပ်သည့် သီအိုရီ အခြေပြု ဆင်ခြင်သုံးသပ်နည်းနှင့် ကွဲပြားခြားနားစွာပင် နှိုင်းယှဉ်ဆင်ခြင်သုံးသပ်ခြင်းတွင် အမှုတစ်ခုမှ အခြားအမှုတစ်ခုကို ဆင်ခြင်သုံးသပ်သည့် ဖြစ်စဉ် ပါဝင်သည်။ အခြေအနေတစ်ရပ်သည် သတ်မှတ်ထားသော စည်းမျဉ်းနှင့် ကိုက်ညီ၊ မညီ မသေချာသည့် အခြေအနေများတွင် ယခင်က တရားရုံးတွင် ဆုံးဖြတ်ခဲ့ပြီးသော အလားတူ အမှုများကို ပြန်လည် လေ့လာခြင်းက အထောက်အကူပြုမည် ဖြစ်သည်။ ဆန်းစစ်လေ့လာရာတွင် ယခင်အမှုများမှ အကြောင်းအရာများသည် ယခုအမှု၏ အကြောင်းအရာများနှင့် လုံလောက်စွာ ဆင်တူနေပါက ယခုအမှုကို တရားရုံးများက ပုံစံတူပင် ဆုံးဖြတ်ရမည်ဟု ကောက်ချက်ချနိုင်သည်။ ဖတ်ရှုသူအများစုသည် ဤဖြစ်ရပ်ကို ရိုးရာဥပဒေ သဘောတရား တစ်ခုဖြစ်သော ရှေ့ကဖြစ်ဖူးသည့် အတွေ့အကြုံဟူသည့် သဘောတရားတွင် ကြားဖူးကြလိမ့်မည် ထင်သည်။

လုံးဝ ထပ်တူညီသော အမှုနှစ်ခု မရှိနိုင်လေရာ အမှုတစ်ခုသည် အခြားအမှုတစ်ခုနှင့် လုံလောက်စွာ ဆင်တူခြင်း ရှိ၊ မရှိသည် ပုဂ္ဂလဓိဋ္ဌာန် ကျသည်။ ထို့ကြောင့် တရားသူကြီးများသည် ယခင်အမှုနှင့် လက်ရှိအမှုမှ အချက်များကို လေ့လာနှိုင်းယှဉ်ပြီး ယခင်အမှု ဆုံးဖြတ်ချက်အတိုင်း လိုက်နာ၊ မလိုက်နာ ဆုံးဖြတ်နိုင်သည့် အတိုင်းအတာ ရှိသည်။ မည်သို့ပင် ဆိုစေကာမူ ယင်းအတိုင်းအတာသည် အကန့်အသတ် မရှိခြင်း မဟုတ်ပေ။ ဘဲလ် (Bell, 1986, p.48) က အဆိုပါ အခြေအနေများတွင် ချမှတ်သည့် အမိန့်များသည် ဥပဒေ အသိုင်းအဝိုင်းအတွင်းရှိ လူမှုပဋိညာဉ်များနှင့် ချုပ်နှောင်ခံ ထားရသည်ဟု ဆိုခဲ့သည်။ ဤသည်ကို "ဥပဒေပညာရပ်၏ စည်းမျဉ်းများ" ဟု သူက ညွှန်းဆိုသည်။ ယင်းစည်းမျဉ်းများက ဆင်ခြင်သုံးသပ်သူ၏ အာဏာပြင်ပတွင် ရှိနေသော မူဘောင်များကို သတ်မှတ်ပေးပြီး အမိန့်ချမှတ်သူသည် သူ၏ ငြင်းခုန် ဆွေးနွေးမှုများကို ဥပဒေနှင့် ကိုက်ညီသည်ဟု လက်ခံစေလိုပါက ထိုမူဘောင်အတွင်းမှ လုပ်ဆောင်ရမည် ဖြစ်သည်။ တရားသူကြီးများသည်

ထိုစည်းမျဉ်းများကို လိုက်နာရမည် ဖြစ်သလို တူညီသော ဥပဒေပညာရပ် အဝန်းအဝိုင်းတွင် ပါဝင်နေပြီး ၎င်းတို့၏ ငြင်းခုန် ဆွေးနွေးမှုများကို လေးလေးနက်နက် လက်ခံစေလိုကြသော ရှေ့နေများနှင့် ဥပဒေပညာရှင်များသည်လည်း ထိုစည်းမျဉ်းများကို လိုက်နာကြရသည်။

**ကိစ္စရပ်များမှ ယေဘုယျ စည်းမျဉ်း ဖော်ထုတ်ခြင်းနှင့် ဥပဒေအရ တရားဝင် ဖြစ်မှု**

တတိယ နည်းလမ်းမှာ ကိစ္စရပ်များမှ ယေဘုယျ စည်းမျဉ်းများ ဖော်ထုတ်သည့် ဆင်ခြင်သုံးသပ်မှု (inductive reasoning) ဖြစ်သည်။ အခြေအနေတစ်ရပ်ကို ဥပဒေစည်းမျဉ်းများ တိုက်ရိုက် အသုံးမချနိုင်သည့်အခါ ဤဆင်ခြင်သုံးသပ်ပုံက အထောက်အကူဖြစ်ပြီး ဥပဒေတွင် ကွက်လပ်များကို ဖြည့်ရန် လိုအပ်သည့် နည်းလမ်း ဖြစ်လာသည်။ သိပ္ပံပညာမှ inductive reasoning ကဲ့သို့ပင် ဖြစ်ရပ်အချို့မှ ယေဘုယျ ကောက်ချက်ကို ဆွဲထုတ်နိုင်သည်။

ဥပဒေအရ ဆင်ခြင်သုံးသပ်ရာတွင် အစောပိုင်း ဆုံးဖြတ်ခဲ့သော ကိစ္စရပ်များကို ဥပဒေအသစ်၏ ဥပမာ ဖြစ်ရပ်များဟု သတ်မှတ်ကာ ယေဘုယျ စည်းမျဉ်းတစ်ခု ချမှတ်ပြီး ယင်းစည်းမျဉ်းကို အသိအမှတ်ပြုခြင်း ဖြစ်သည်။ *Donoghue v Stevenson* [1932] AC 562 အမှုသည် အဆိုပါနည်းလမ်းတွင် လူသိအများဆုံး ဥပမာ တစ်ခုဖြစ်သည်။ ဂျင်းဘီယာထဲတွင် ခရုပါလာခြင်းဟူသည့် နာမည်ကျော် အမှု တရားရုံးပေါ် ရောက်မလာမီအထိ တရားရုံးက လျစ်လျူရှုခြင်းနှင့် ဆိုင်သော အမှုများကို အသိအမှတ်ပြုထားခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် တရားသူကြီး အက်ကင် (Lord Atkin) က လျစ်လျူရှုခြင်းဖြင့် အခွင့်အရေးတစ်ရပ်ကို ချိုးဖောက်ခြင်းအား ယေဘုယျ စည်းမျဉ်းတစ်ခုအဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။ ယင်းစည်းမျဉ်းကို ထိုစဉ်က တာဝန်ရှိ ပုဂ္ဂိုလ်များက ဥပဒေတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိဘဲ ထို့နောက်မှသာ စတင် အသုံးပြုလာနိုင်ခဲ့သည်။ စည်းမျဉ်းအသစ်များကို ထိုကဲ့သို့ ဖော်ထုတ်နိုင်ခြင်း ကိုလည်း အထက်တွင် ဖော်ပြခဲ့သော ဥပဒေ အသိုင်းအဝိုင်းတွင် အသိအမှတ်ပြုထားသည့် စည်းမျဉ်းများက စည်းကြပ် ကန့်သတ်နိုင်သည်။

အစောပိုင်း ဖော်ပြခဲ့သော နည်းလမ်းများကဲ့သို့ပင် ဥပဒေဆိုင်ရာ စည်းမျဉ်းများကို ရှေ့နောက်ညီသော ပုံစံများ (သဘောတရားများ) အဖြစ် စီစဉ်ပေးနိုင်ပြီး ကျိုးကြောင်းဆီလျော်သော၊ တသမတ်တည်း ဖြစ်သောပုံစံဖြင့် ဖြစ်ရပ် အသစ်များတွင် အသုံးပြုနိုင်သော ဥပဒေများ ထုတ်ဖော်နိုင်သည့် အခြားနည်းလမ်း အများအပြားလည်း ရှိသေးသည်။ ဥပဒေပညာရပ်တွင် ပြောဆိုရေးသားမှု အများစုသည် ရရှိသော ဥပဒေ အရင်းအမြစ်များကို လိုရာဆွဲ ပြောဆိုကြခြင်း ဖြစ်ပြီး ဥပဒေဆိုင်ရာ ပြဿနာ အများစုအတွက် အဖြေမှာ နောက်ခံ သဘောတရားများနှင့် စည်းမျဉ်း ပုံစံများတွင် ရှာဖွေနိုင်မှသာလျှင် တွေ့ရှိနိုင်မည်ဟု ယုံကြည်ထားကြသည် (Smith, 2004)။ ထိုချဉ်းကပ်ပုံကို ဥပဒေအရ

တရားဝင်ဖြစ်အောင်လုပ်ခြင်း (legal formalism) (Vandevelde, 1996) ဟု ခေါ်ပြီး အဆိုပါ ယူဆချက်အပေါ် ပညာရှင်များ၏ ဝေဖန်မှု အမြောက်အမြား ရှိသော်လည်း (ဥပမာ Fitzpatrick and Hunt, 1987) ဤသည်သည်မှာ ဥပဒေ ဆိုင်ရာ အလေ့အကျင့်များနှင့် လေ့လာမှုများတွင် အနည်းဆုံး အပြင်ပန်းတွင် အတွေ့ရများသည် ပုံစံတစ်ခု ဖြစ်သည်။

## ယတိပြတ်မဆုံးဖြတ်နိုင်မှုနှင့် မူဝါဒဆိုင်ရာ အဆုံးအဖြတ်များ

သို့ရာတွင် စည်းမျဉ်းစည်းကမ်းများ ခွဲခြမ်းစိတ်ဖြာမှု တစ်ခုတည်းအပေါ် အခြေခံ၍ ဥပဒေအား ကံသေကံမ ဆုံးဖြတ်၍မရသည်ကို ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပြီး ဖြစ်သည်။ တရားသူကြီးများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များအား ရှိရင်းစွဲ စည်းမျဉ်းစည်းကမ်းများကို ရည်ညွှန်း၍ (MacCormick, 1994) ရှင်းပြကြလင့်ကစား (ခက်ခဲသည့်အမှုများ၌) စည်းမျဉ်းစည်းကမ်းများအား တစ်ခါတစ်ရံတွင် တရားရေးရလာဒ် အမျိုးမျိုး၊ တစ်ခုနှင့်တစ်ခု ဖီလာဆန့်ကျင်သည့် တရားရေးရလာဒ်များအတွက် အကြောင်းပြချက်ပေးရန် အသုံးပြုတတ်သည်။ ဤသည်မှာ တရားဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အပွင့်သဘောတည်ရှိမှု၏ လုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။ ဤကဲ့သို့ ဖြစ်ပွားသည့်အခါ ဥပဒေသည် ယတိပြတ်အဆုံးအဖြတ်ပေးနိုင်ခြင်း မရှိဟု ဆိုကြသည် (Kress, 1989)။

အကယ်၍ ဥပဒေသည် ယတိပြတ်အဆုံးအဖြတ် မပေးနိုင်လျှင်၊ တချို့အမှုများအား ဆုံးဖြတ်သည့်နေ့၌ သက်ဆိုင်ရာတရားသူကြီးက စံတန်ဖိုးဆုံးဖြတ်ချက်အရ ဆုံးဖြတ်သည် ဆိုပါက ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အကျိုးဆက်များရှိမည်မှာ သေချာသည်။ ဤအချက်ကြောင့်ပင် တရားစီရင်ရေး မဏ္ဍိုင်အပေါ် ဝေဖန်မှုများ ရှိနေသည် (Griffith, 1997)၊ သို့သော် ဤအကြောင်းအရာအား ယခုအခန်း၌ တင်ပြ ဆွေးနွေးမည် မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ တရားသူကြီးများ၏ နိုင်ငံရေးအခန်းကဏ္ဍအား မူဝါဒစဉ်းစားချက်များအရ ဆုံးဖြတ်ချက်များ ချမှတ်သည်ဟူ၍ သက်ညာစွာ ဖော်ပြလေ့ ရှိပြီး ၎င်းကို တရားစီရင်ရေး လုပ်ဆောင်ချက်၏ တရားနည်းလမ်းကျသည့် ကဏ္ဍတစ်ခုအဖြစ် ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပြီး ဖြစ်သည်။

အနာဂတ်အမှုများ၏ ဖြစ်နိုင်ခြေရှိသည့် ရလာဒ်အား ခန့်မှန်းရန် ကြိုးပမ်းလိုသည့် ဥပဒေပညာရှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုနေဆဲ ရှေ့နေတစ်ဦးအတွက် စိန်ခေါ်မှုမှာ တရားစီရင်ရေး မဏ္ဍိုင်အပေါ် အကျိုးသက်ရောက်နိုင်သည့် မူဝါဒ စဉ်းစားချက်များ၏ သဘောသဘာဝကို နားလည်သဘောပေါက်ရန် ဖြစ်သည်။ ဒေါ်ကင် (Dworkinယ 1977, 1986) ၏ ဩဇာညောင်းသည့် ရေးသားချက်များသည် ဤကဏ္ဍနှင့် စပ်လျဉ်း၍ အကြောင်းအရာ ပြည့်စုံကြွယ်ဝသည့် လမ်းညွှန်တစ်ခု ဖြစ်ပြီး မူဝါဒဆုံးဖြတ်ချက်များမှာ တချို့ပြောသလို တရားစီရင်ခွင့်အာဏာအား စိတ်လိုလက်ရ၊ ခန့်မှန်းရခက်သည့်ပုံစံဖြင့် ကျင့်သုံးခြင်း

လုံးဝမဟုတ်သည်ကိုလည်း တဖန် သတိချပ်စေသည်။ အမှန်မှာ ထိုသို့မဟုတ်ဘဲ တရားရေးစနစ်များတွင် ကျောထောက် နောက်ခံမှုများနှင့် စည်းမျဉ်းစည်းကမ်းများ ပါဝင်ပြီး၊ တရားသူများကြီးသည် ခက်ခဲသည့်အမှုများကို ဆုံးဖြတ်ရာ၌ ၎င်းတို့ကို လိုက်နာရသည်ဟု ဒေါ်ကင်က ဆိုသည်။ အထက်တွင် ဖော်ပြခဲ့သည့် ဘဲလ် (Bell, 1986) ၏ တရားဥပဒေ ပြောဆိုရေးသားချက်များ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ကဲ့သို့ပင် ဤကျောထောက်နောက်ခံမှုများနှင့် စည်းမျဉ်း စည်းကမ်းအား တရားသူကြီးများ၏ လုပ်ရပ်များအပေါ် အထိန်းအကွပ်များအဖြစ် ရှုမြင်နိုင်ပြီး အမှုများ၏ ဖြစ်နိုင်ခြေရှိသည့် ရလာဒ်ကို မျှော်မှန်းရာ၌ အနည်းဆုံးအားဖြင့် အထောက်အပံ့ဖြစ်သည်ဟု မှတ်ယူနိုင်သည်။ ဘဲလ် (Bell, 1983) ၏ မူဝါဒကိစ္စရပ်များနှင့် ပတ်သက်၍ လက်တွေ့ လေ့လာမှုသည် တရားရုံးများ အသုံးပြုသည့် မူဝါဒ ငြင်းခုံချက် ပုံစံများကို ဖော်ထုတ်တင်ပြပြီး ၎င်းသည် လေ့လာသူ ပညာရှင်အား ဤကဲ့သို့ အခြေအနေ၌ တရားသူကြီး၏ ဆုံးဖြတ်ချက်ကို မျှော်မှန်းရာ၌ အထောက်အကူ ပြုနိုင်သည်။

## အနှစ်ချုပ်

ထို့ကြောင့် အနှစ်ချုပ်အားဖြင့် ဥပဒေ ဆိုင်ရာ လေ့လာသုံးသပ်သည့် ဖြစ်စဉ်ကို သိပ္ပံပညာတွင် အသုံးပြုသည့် ပုံစံမျိုးဖြင့် နည်းနာဟု ဖော်ပြခြင်းမှာ မှားယွင်းနေသည်။ ထိုဖြစ်စဉ်တွင် ဆင်ခြင်သုံးသပ်ခြင်းပါဝင်ပြီး ပညာရပ်နယ်ပယ်အတွင်း လက်ခံထားသော၊ သဘောတူထားကြသော ပြောဆိုရေးသားမှုများအရ လက်ခံနိုင်မည့် ငြင်းခုံမှုမျိုးကို တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် နည်းလမ်းအများအပြားကို မသိလိုက်၊ မသိဘာသာပင် အသုံးပြုကြသည်။


ပြောဆိုရေးသားမှုများသည် လက်ခံထားသော အစဉ်အလာများအရ ဖြစ်သည် ဆိုသော်လည်း ယင်းကို များသောအားဖြင့် ဆွေးနွေးမှု မရှိသော ဘုံတန်ဖိုးထားမှု (သို့မဟုတ် မူဝါဒ) အကဲဖြတ်မှုများ လွှမ်းမိုးထားသည်။ ထို့ကြောင့် ဥပဒေ ဆိုင်ရာ လေ့လာမှုများတွင် အသုံးပြုသော နည်းလမ်းများသည် သိပ္ပံပညာဆိုင်ရာ နည်းနာများကဲ့သို့ တမင်သပ်သပ် သင်ယူပြီး အသုံးချရခြင်း မဟုတ်ပေ။ ဥပဒေဆိုင်ရာ လေ့လာသုံးသပ်မှုများမှ စွမ်းရည်များနှင့် အစဉ်အလာများကို ဖြစ်စဉ်အား ထိတွေ့မှုမှ တစ်ဆင့် အလိုအလျောက် သင်ယူခြင်း ဖြစ်ပြီး ယင်းတို့ကို ဥပဒေဆိုင်ရာ ငြင်းခုန်ဆွေးနွေးမှုများ ပြုလုပ်သည့်အခါ တူညီသော အခြေခံဖြင့် အသုံးချသည်။ သိပ္ပံ သုတေသနများတွင် နည်းလမ်း တစ်ခုကို တိတိပပ အသုံးပြုခြင်းက သုတေသနကို တရားဝင် လက်ခံလာစေသည့်နည်းတူ ဥပဒေ ဆိုင်ရာ လေ့လာရေးသားမှုများတွင် လူအများ လက်ခံခြင်းသည် သုတေသနပညာရှင်က ပညာရပ်အတွင်း လက်ခံထားသော အစဉ်အလာများနှင့် စံနှုန်းများကို နားလည် လိုက်နာကြောင်း ပြသနိုင်မှုအပေါ် မူတည်သည်။

**ယဉ်ကျေးမှု ရှုထောင့်**

**ဘာသာရပ်၏ အဝန်းအဝိုင်း**

တိကျသော သုတေသန နည်းနာမရှိခြင်း၊ ရှိပြီးသား ပညာရပ်ဆိုင်ရာ ပြောဆိုရေးသားမှုများမှ လေ့လာသုံးသပ်ခြင်းနှင့် ငြင်းခုန်ဆွေးနွေးမှုများ ဖော်ထုတ်ခြင်းတို့ကို အဓိကထားခြင်းတို့သည် ဥပဒေပညာရပ် ပါဝင်သော ဝိဇ္ဇာနှင့် လူမှုရေးရာ ပညာရပ်နယ်ပယ်များ၏ အဓိက အင်္ဂါရပ်များ ဖြစ်သည်။ ဤအချက်များက ဥပဒေ ဘာသာရပ် အဝန်းအဝိုင်းတွင် 'အပျော့စား' ဘက်တွင် ထားရှိစေသည်။ ဘစ်လန် (Biglan, 1973) ၏ ဘာသာရပ် ပုံစံ (ပုံ ၃.၂) ကို အသုံးပြုပါက ဥပဒေ ဘာသာရပ်သည် အတွေ့ရများသည် သုတေသန ပုံစံများမှ ကွဲထွက်သည်ကို တွေ့ရမည်။ ဥပဒေနှင့် ဒီဇိုင်းဘာသာရပ်များမှ ကွဲထွက်ကာ နည်းပညာ၊ ဘောဂဗေဒနှင့် စီမံခန့်ခွဲရေး ဘာသာရပ်များ အားလုံးသည် သဘာဝ (သို့) လူမှု သိပ္ပံတွင် ပါဝင်ကြသည်။

သိပ္ပံ/ ဝိဇ္ဇာနှင့် လူမှုဗေဒတို့အကြား ကွာခြားချက်က ဘာသာရပ် မိသားစု တစ်ခုအတွင်း ဗဟုသုတ၏ ပုံစံနှင့် ယင်းကို ထုတ်လုပ်ပုံတွင် သီအိုရီနှင့် နည်းလမ်းများ ကွာခြားပုံကို ပြသနေသည်။ ဘက်ချာ (Becher, 1987) က သိပ္ပံပညာတွင် ဗဟုသုတများ ဖော်ထုတ်ခြင်းသည် ဗဟုသုတ အစိတ်အပိုင်းများကို စုစည်းပြီး အချိန် အတော်ကြာသည့်အခါ ယင်းတို့က ဖြစ်ရပ်တစ်ခုကို ပြည့်ပြည့်စုံစုံ ရှင်းလင်းပြလာနိုင်ခြင်း ဖြစ်သည်။ ဤသည်မှာ ဥပဒေဘာသာရပ်ကဲ့သို့သော လူမှုရေး ဘာသာရပ်များနှင့် ကွာခြားသည်ဟု သူက ဆိုသည်။ လူမှုရေးဘာသာရပ်တွင် ဗဟုသုတ တစ်ခုကို ဖော်ထုတ်ရန် အကြောင်းအရာ တစ်ခုကိုပင် ထပ်ဖန်တလဲလဲ စူးစမ်းကြရသည်။ လူမှုရေးဘာသာရပ်များက သီးသန့်ဖြစ်သော၊ ပြဿနာများ၊ ကြိုးပမ်းမှုများထက် အကြောင်းအရာများစွာ ပါဝင်ပြီး ဖြစ်ရပ်၏ အစိတ်အပိုင်းတစ်ခုချင်းစီကို ရှင်းပြခြင်းထက် ဖြစ်ရပ်တစ်ခုလုံး၏ ရှုပ်ထွေးမှုကို ခြုံငုံနားလည်နိုင်ရန် ရည်ရွယ်သည်။




ပုံ ၃.၂ ဘာသာရပ် ပုံစံ (Biglan, 1973)

ပညာရပ်နယ်ပယ်တွင် သိပ္ပံဘာသာရပ်များ၏ လွှမ်းမိုးမှုက ဗဟုသုတနှင့် ဗဟုသုတများ ဖော်ထုတ်ခြင်းအပေါ် အမြင်များကို လွှမ်းမိုးမှု ရှိသည်။ သိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသနများမှ အသုံးအနှုန်းများသည် လူမှုသိပ္ပံဘာသာရပ်တွင် အထူးသဖြင့် လွှမ်းမိုးမှု ရှိသည်။ ယင်းကို ယခင် လူမှုသိပ္ပံ နည်းနာများအပေါ် စိုးရိမ်ပူပန်မှု ရှိလာခြင်း (e.g. Fellows and Lui, 2003) နှင့် သီအိုရီ အမြင်များ ဖော်ထုတ်ခြင်းထက် လက်တွေ့လေ့လာမှုများ ပြုလုပ်ရန် အာရုံစိုက်လာခြင်း (Betts and Lansley, 1993; Brandon, 2002) တို့က ပြသနေသည်။

## ယဉ်ကျေးမှုပိုင်းဆိုင်ရာ စိန်ခေါ်မှုများ

ဥပဒေနှင့် အခြားသော ဘာသာရပ်များမှ သုတေသနပုံစံများအကြား သီအိုရီနှင့် နည်းပညာ ကွာခြားချက်များက ယဉ်ကျေးမှု ကွာခြားချက်များကိုလည်း ထွက်ပေါ်စေသည်။ ဤသည်က ပညာရပ် သုတေသနများ၏ ပြင်ပပုံစံများအပေါ် မျှော်လင့်ချက်များ ပေါ်ထွက်လာစေပြီး ဥပဒေ ပညာရှင်များအနေဖြင့် ထိုမျှော်လင့်ချက်များကို ပြည့်မီရန် ရုန်းကန်ကြရသည်။ ယင်းတို့မှာ သုတေသန ရလဒ်များ၏ အမျိုးအစားနှင့် ပုံစံ၊ သုတေသနကို လုပ်ဆောင်သည့် ဖြစ်စဉ်၊ နယ်ပယ်အတွင်းမှ သုတေသန ပညာရှင်များ၏ အမူအကျင့် လက္ခဏာများ စသည်တို့အပေါ် ထားရှိသည့် မျှော်လင့်ချက်အမြင်များ ဖြစ်သည်။

ပညာရပ်ဆိုင်ရာ အုပ်စုများနှင့် နယ်မြေများ (Academic Tribes and Territories) ဟူသည့် စာတမ်းတွင် ဘက်ချာနှင့် ထရိုလာ (Becher and Trowler, 2001) တို့က ပညာရပ် အသိုင်းအဝိုင်း တစ်ခုခြင်းစီက ၎င်းတို့ကျင်လည်သော ပညာနယ်ပယ်များမှ ဗဟုသုတ ပုံစံနှင့် စပ်လျဉ်းပြီး စံနှုန်းများ ဖော်ထုတ်ထားသည်ကို ပြသခဲ့ကြသည်။ အထူးသဖြင့် (ပုံ ၃.၂ တွင် ဖော်ပြထားသော) ဘစ်လန်၏ အမာ/အပျော့ ဗဟုသုတ ပုံစံများနှင့် (၎င်းတို့အခေါ်) မြို့ပြနှင့် ကျေးလက်သုံး သုတေသန ပုံစံများအကြား ဆက်စပ်မှုများ ရှိကြောင်း ပြသခဲ့သည်။ (လက်ရှိ သုတေသန နယ်ပယ်တွင် တွေ့ရလေ့ရှိသော ယဉ်ကျေးမှုများ အပါအဝင်) သိပ္ပံ သုတေသန ယဉ်ကျေးမှုသည် မြို့ပြ သုတေသန ပုံစံ ဖြစ်ပြီး (ဥပဒေ အပါအဝင်) လူမှုဗေဒ ဘာသာရပ်များသည် များသောအားဖြင့် ကျေးလက်သုံး သုတေသန ပုံစံလက္ခဏာများ တွေ့ရသည်။

၎င်းတို့က ဥပမာ မြို့ပြ သုတေသန အသိုင်းအဝိုင်းများသည် ကျဉ်းမြောင်းပြီး ပို၍ ကာလတို ဖြစ်သော သုတေသန ခေါင်းစဉ်များကို အာရုံစိုက်ကြပြီး ကျေးလက်သုံး သုတေသန ပုံစံ အသုံးပြုသူများနှင့် နှိုင်းယှဉ်လျှင် ပို၍ ယှဉ်ပြိုင်မှုများပြီး ပြင်ပမှ ထောက်ပံ့ငွေ ရရှိမှုကို ပို၍ အလေးအနက် ထားကြသည်။ မြို့ပြ အသိုင်းအဝိုင်းတွင် ဩဇာတိက္ကမကြီးသော သုတေသန ခေါင်းဆောင်များ (သုတေသန ကြယ်ပွင့်များ) က လွှမ်းမိုးထားနိုင်ခြေလည်း များသည်။ မြို့ပြ သုတေသနသည် ကျေးလက်ပုံစံနှင့် နှိုင်းယှဉ်လျှင် လျင်မြန်စွာပင် ပြောင်းလဲနေပြီး အုပ်စုဖွဲ့ခြင်းကို ပိုမိုတွေ့ရသည်။ ထို့ကြောင့် ယင်းပုံစံတွင် ကွန်ယက်များ၊ ဆွေးနွေးပွဲ တက်ရောက်မှု မြင့်မားခြင်းနှင့် အုပ်စုလိုက် အလုပ်လုပ်ခြင်းတို့ကို ကျေးလက်ပုံစံထက် ပိုတွေ့ရသည်။

ထုတ်ဝေသည့် ပုံစံများတွင်လည်း ကွဲပြားသည့် အလုပ်လုပ်ပုံများကို တွေ့ရသည်။ မြို့ပြ အသိုင်းအဝိုင်းက ဆောင်းပါးအတိုလေးများ မြောက်မြားစွာကို မကြာခဏ ဆိုသလို စာရေးသူ အမြောက်အမြားနှင့် ထုတ်ဝေကြသည်။ ဥပဒေကဲ့သို့သော ကျေးလက် အသိုင်းအဝိုင်း၏ ထုတ်ဝေမှုများမှာ ပို၍ အသေးစိတ်ကျသော်လည်း အထွက်ကြဲပြီး သုတေသန ပညာရှင် တစ်ဦးတည်းမှ ရေးသားခြင်းများလည်း ပိုများသည်။ ထို့ကြောင့် အပြောင်းအလဲများသော မြို့ပြ ဝန်းကျင်တွင် သုတေသနပညာရှင် အဖွဲ့များသည် တစ်ဦးတည်းဖြစ်ပြီး ထင်သာမြင်သာ သိပ်မရှိသည့် ကျေးလက်အသိုင်းအဝိုင်းမှ သုတေသန ပညာရှင်များကို သတိမပြုမိကြပေ။ ဥပဒေကဲ့သို့သော ကျေးလက် ဘာသာရပ်များတွင် အလုပ်လုပ်ကိုင်နေသူများအတွက် ၎င်းတို့၏ လူသိသိပ်မများခြင်း အချက်က လှုပ်ရှားမှု သိပ်မရှိဟူသည့် အချက်နှင့် အထင်လွဲခံရနိုင်သည့် အန္တရာယ် ရှိပေသည်။

ပို၍ အခြေခံကျသည့်အချက်မှာ ယခုအခန်း အရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ယဉ်ကျေးမှု ကွာခြားခြင်းကြောင့် တစ်ခါတရံတွင် အခြားသော ဘာသာရပ်မှ ပညာရှင်များသည် သဘောတရားရေးရာ သုတေသနများ၏ ပညာရပ်တန်ဖိုးကို မမြင်တတ်ဘဲ ဖြစ်နေတတ်သည်။ ထို့ကြောင့် အခြားသော အခြေခိုင်ပြီး ဘာသာရပ်နယ်ပယ်များမှ အချင်းချင်း လေ့လာသုံးသပ်မှုများ ပြုသည့်အခါ ဥပဒေ ပညာရှင်များအတွက် ကျေနပ်ဖွယ် အတွေ့အကြုံများ မရရှိကြပေ။ ၎င်းတို့၏ အလုပ်များကို လူမှုဗေဒ ဘာသာရပ် မဟုတ်ဘဲ သိပ္ပံဘာသာရပ်တွင် အလုပ်လုပ်နေသော ပညာရှင်များက နည်းနာများ မရှိ၊ အမြင်ပေါ်တွင်သာ အခြေခံသည်၊ သုတေသနပင် မဟုတ်ဟု အထင်အမြင် လွဲမှားတတ်ကြသည်။

## နိဂုံး

ယခုအခန်းတွင် သဘောတရားရေးရာ လေ့လာသုံးသပ်မှု၏ စံနှုန်း ဖြစ်စဉ်သည် သုတေသန လေ့လာမှု အများစုတွင် တွေ့ရသည့် လက္ခဏာဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် ယင်းသုတေသနသည် လူမှုဗေဒ ပညာရပ်နှင့် နည်းနာများ၊ ယဉ်ကျေးမှု စံနှုန်းများ ဆင်တူသည်။ လက်ရှိ သုတေသန နယ်ပယ်မှ အသိုင်းအဝိုင်းများသည် သိပ္ပံသုတေသနမှ အများစု ဖြစ်ကြပြီး ထိုသူများသည် ဥပဒေ ပညာရပ် နယ်ပယ်မှ ပညာရှင်များနှင့် မတူညီသော နည်းနာများနှင့် ယဉ်ကျေးမှု စံနှုန်းများကို လက်ခံထားကြသည်။ ထို့ကြောင့် ထိုအဖွဲ့နှစ်ခုအကြား ဆက်သွယ်ရေးတွင် အခက်အခဲများ တွေ့ကြုံကြရသည်။

အခြားသော လူမှုရေး ဘာသာရပ်များ နည်းတူ ဥပဒေ လေ့လာမှု အများစုသည် လက်တွေ့ ကွင်းဆင်း လေ့လာခြင်းနှင့် မသက်ဆိုင်ဘဲ သီအိုရီ သဘောတရားများကို လေ့လာ အသုံးချခြင်းနှင့်သာ သက်ဆိုင်သည်။ ထို့ကြောင့် အသုံးပြုသော နည်းလမ်းများသည် သိပ္ပံပညာနှင့် ကွာခြားပြီး လူမှုရေးသိပ္ပံ အသုံးအနှုန်းအရ qualitative နည်းနာများဟု သတ်မှတ်ပါက ပို၍ တိကျမည် ဖြစ်သည်။ တင်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ထိုဖြစ်စဉ်တွင် deductive နှင့် inductive ဆင်ခြင်သုံးသပ်ပုံ၊ နှိုင်းယှဉ် ဆင်ခြင်သုံးသပ်ခြင်းနှင့် မူဝါဒ လေ့လာသုံးသပ်ခြင်းများ ပါဝင်သည်။

သို့ရာတွင် အရေးပါသည့်အချက်မှာ ဖြစ်စဉ်သည် အချက်အလက် ကောက်ခံခြင်းထက် လေ့လာသုံးသပ်ခြင်း ဖြစ်လေရာ သဘောတရားရေးရာ သုတေသန ထုတ်ဝေမှုများတွင် နည်းနာ အပိုင်း သီးသန့်ပါဝင်ရန် မလိုအပ်ဘဲ ယင်းအပိုင်းကိုလည်း တွေ့ရခဲသည်။ ဤသည်မှာ ပညာရပ် နှစ်ခုအကြား သုတေသန ရလဒ်များ တင်ပြရာတွင် အထင်ရှားဆုံး ကွာခြားချက် ဖြစ်ပြီး အခြားသော ဘာသာရပ်များမှ သုတေသန ပညာရှင်များက ဥပဒေ ပညာရှင်များ၏ သုတေသနများကို လေ့လာသည့်အခါ ဥပဒေ သုတေသန ပညာရှင်များ အမြဲတစေ ရင်ဆိုင်ရသည့် အခက်အခဲလည်း ဖြစ်သည်။

ယခုအခန်းက ဥပဒေ သုတေသန အသိုင်းအဝိုင်းက အခြားသော ဘာသာရပ် နယ်ပယ်များမှ ပညာရှင်များကို ၎င်းတို့ သုတေသနအကြောင်းကို ရှင်းပြရန် ပျက်ကွက်ပုံကို တင်ပြခဲ့ပြီး ထို့ကြောင့်ပင် ထိုပညာရှင်များက ၎င်းတို့အသုံးပြုသော စံနှုန်းများနှင့် ဥပဒေ ဆိုင်ရာ သုတေသနများကို အကဲဖြတ်ကြသည်မှာ မကျေမနပ်ဖြစ်စရာတော့ မဟုတ်ပေ။ စစ်မှန်သော ဘာသာရပ်နယ်ပယ်စုံ ကြိုးပမ်းမှု တစ်ခု ရရှိနိုင်ရန် အဓိက စိန်ခေါ်မှု တစ်ခုမှာ ဘာသာရပ်နယ်ပယ်များအကြား ဆက်သွယ်ရေး ဖြစ်ပြီး အဆိုပါ စိန်ခေါ်မှုသည် လူမှုရေးနှင့် သိပ္ပံဘာသာရပ်အကြား ဆက်သွယ်ရန် ကြိုးပမ်းသည့်အခါ ပို၍ပင် ကြီးမားသည်။

သို့သော်လည်း ဤသည်မှာ သုတေသန ပညာရပ်နယ်ပယ် အတွင်းရှိ ကျွန်ုပ်တို့အားလုံး လုပ်ရမည့် တာဝန်ဖြစ်သည်။ အနည်းဆုံး နယ်ပယ်အတွင်းရှိ ဘာသာရပ် အသီးသီး၏ အလေ့အကျင့်များကို အခြားသူများ သိရှိစေရန် လုပ်ဆောင်သင့်သည်။ ထို့ပြင် ကျွန်ုပ်တို့၏ ဘာသာရပ်နယ်ပယ်အတွင်း ကျွန်ုပ်တို့ ယခင်က မေးခွန်းမထုတ်ခဲ့သော ယူဆချက်များကို ပြန်လည် ထင်ဟပ်ကြည့်လိုစိတ်နှင့် ယင်းတို့ကို အခြားသူများ သိရှိစေရန် တင်ပြလိုစိတ်တို့လည်း လိုအပ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် အချက်များက ဥပဒေဆိုင်ရာ သုတေသန၏ သဘောသဘာဝနှင့် ယင်းက ပညာရပ်နယ်ပယ်အတွင်းမှ အခြားသော သုတေသနများနှင့် မည်သို့ ကွာခြားသည်ကို (ဥပဒေ ပညာရှင်းများအကြားနှင့် အခြားသော ဘာသာရပ်မှ ပညာရှင်များအကြား) ပိုမိုနားလည် သဘောပေါက်လာပြီး ယင်းဖြစ်စဉ်အတွက် တစ်စုံတရာ အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။